ထိုအခါ ရှန်းလက်တောက်ပနေသော မျက်နှာနုနုလေးက ရင့်ကျက်တည်ငြိမ်နေသော အသွင်မျိုး ဖြစ်သွား၏ ။ ဒါပေမဲ့ လူငယ် သဏ္ဌာန်လေး ပျောက်မသွားစေရန် အဝတ်အစားကို လူငယ်ဆန်ဆန် ရွေးချယ်လိုက်၏ ။

ငါးအကြေးခွံလို အဖတ်လေးများပါသည့် ရွှေရောင်အကျႌ ခါးရှည်ကိုယ်ကျပ် လက်ပြတ်လေးနှင့် အောက်က အသားကပ်ရွှေရောင် လည်သာ ဘောင်းဘီရှည်ကို ဝတ်ဆင်လိုက်သည်။ ပြောင်းဖူးမွှေးရောင် ဆံပင်ရှည်ဖြောင့်ဖြောင့်များကိုတော့ နောက်ကျောတွင် ဒီတိုင်းပဲ ဖြန့်ချ ထားလိုက်၏ ။ အနက်ရောင် နားကပ်ပြား အကြီးကြီးကို တပ်ဆင်ပြီး အဝါရောင် ရှော့ပင်အိတ် အကြီးကြီးကို လွယ်ပြီးချိန်မှာတော့ သူမရဲ့ ဈေးဝယ်ထွက်ရန် ပြင်ဆင်ခြင်းအမှု ပြီးစီးသွားပြီ ဖြစ်သည်။

လည်ရှည်ဖိနပ် သားရေအနက်ရောင် ဒေါက်မြင့်က ဒူးခေါင်း နားထိ ရှည်လျားသည်မို့ သူမကိုယ်တိုင် စီး၍ အဆင်မပြေပါ။ သူမက အပေါက်ဝနားမှ ခုံပေါ်တွင် ထိုင်ချလျက် မိနန္ဒာက စီးပေးရသည်။ ခြေသလုံးတောက်လျှောက် ဇစ်ကို ဆွဲတင်ပြီးသော အချိန်မှာ သူမက ခပ်မတ်မတ်လေး ထရပ်လိုက်၏ ။ လက်ထဲမှ နေကာမျက်မှန် ဇီးရောင် အဝိုင်းကြီးကို တပ်ဆင်လိုက်သည်။

သူမ မျက်လုံးများကို ဝေ့ဝဲရှာကြည့်လိုက်သော်လည်း သူ့အရိပ် အယောင်မျှပင် မမြင်မတွေ့ရပါ။ စိတ်တိုစွာပင် ဟစ်အော်လိုက်မိ၏ ။

''ဒရိုင်ဘာ ဒရိုင်ဘာ ဘယ်ရောက်နေလဲ၊ ဟဲ့ ငါခေါ်နေတာ မကြားကြဘူးလား''

သူမရဲ့ အသံကျယ်ကျယ်ကြောင့် မာလီလုပ်သူ ဦးလှမြင့် အပြေး ရောက်လာသည်။

''ဘာဖြစ်လို့လဲ မမလေး၊ ကျွန်တော် ဘာလုပ်ပေးရမလဲ''

''နင် ဘာမှလုပ်ပေးလို့ မရဘူး၊ ငါ့ ဒရိုင်ဘာ ဘယ်ရောက် သွားလဲ''

ပြောထားပြီးသား''

''ဘာဖြစ်လို့ ပြောထားရတာ လဲ''

''နင်နဲ့ငါ့ကို ရင်းနှီးစေချင်လို့ပေါ့''

''မလိုပါဘူးလေ''

သူမရဲ့ လေသံသည် အနည်းငယ်မျှပင် လိုက်လျောရင်းနှီးမှု မရှိသည့် လေသံမျိုးသာ ဖြစ်၏။ ဒါပေမဲ့ ဆန်းသစ်စရဲ့ အမူအရာတွေ ကတော့ သူမနှင့် သိပ်ကို ရင်းနှီးပတ်သက်ချင်နေမှန်း သိသာပါသည်။

အဲဒီ လို ယောကျ်ားမျိုးကို သူမ နည်းနည်းမှ စိတ်ဝင်စားပေးလို့ မရတာ လည်း အမှန်ပင် ဖြစ်၏။ မိန်းမတစ်ယောက်ကို မြင်မြင်ချင်းမှာပင် သိပ်ကို အကျွမ်းတဝင် ဆက်ဆံတတ်သည့် ခပ်ပေါပေါ ယောကျ်ားမျိုး တွေကို သူမ မနှစ်သက်ပါ။

''နင် ဘာသောက်မလဲ၊ ဝိုင်ပဲလား''

''ဝိုင်အနီပဲ ပေးပါ''

ဆန်းသစ်စက ဝိတ်တာ တစ်ယောက်၏ ဗန်းထဲမှ ဝိုင်အနီ တစ်ခွက်ကို ယူလျက် သူမထံ ကမ်းပေးသည်။ ညစာစားပွဲကို ဘူဖေး ပုံစံ ခင်းကျင်းထားခြင်းမို့ ကိုယ်နှစ်သက်ရာကို အသင့်ထည့်စားရုံသာ ဖြစ်၏။ သူမကတော့ ဘာမှမယ်မယ်ရရ မစားဖြစ်ပါဘဲ ဝိုင်တွေသာ လို့မ့်သောက်နေမိသည်။

ဝိုင်လေးခွက်လောက် သောက်အပြီးမှာ သူမ ခေါင်းထဲမှာ ရီဝေဝေ ဖြစ်လာသောကြောင့် ပြန်ရန် နှုတ်ဆက်လိုက်၏။

''နင် အဆင်ပြေရဲ့လား၊ ကားမမောင်းနိုင်ရင် ငါ လိုက်မောင်း ပေးမယ်လေ''

သူမ လက်တစ်ဖက်ကို လာတွဲလျက် ပြောလိုက်သော ဆန်းသစ် စကို

သူမကို ချိုဟု တစ်လုံးတည်း မည်သူမျှ မခေါ်ခဲ့ဘူးပါ။ မည်သူ့ ကိုမှလည်း ခေါ်ခွင့်မပေးနိုင်ပါ။ ဒီလူက နည်းနည်းတော့ များလာပါပြီ။

စိတ်တိုတိုနှင့်ပင် ဆန်းသစ်စကို မျက်နှာချင်းဆိုင်ပစ်လိုက်၏ ။

''နင်နဲ့ငါနဲ့ သိပ်ရင်းနှီးနေတယ်လို့များ နင့်စိတ်ထဲမှာ တွေး နေလား ဆန်းသစ်စ၊ အဲဒါဆိုလည်း အဲဒီ အတွေးကို နေရာမှာတင် ရပ်တန်းက ရပ်လိုက်ပါ၊ အထူးသဖြင့် ငါနဲ့ ရင်းနှီးတဲ့ ပုံစံ ဖမ်းတတ်တဲ့ ယောကျ်ားမျိုးကို ငါ ရွံတယ်''

သူ့ကို ပြောပြီး နေရာကနေ လှည့်ထွက်လိုက်သော ခွန်းချိုမှာ ခြေလှမ်းတစ်ချက် ယိုင်နဲ့သွား၏ ။ အဲဒါကို ဆန်းသစ်စက ပခုံးအား အသာအယာ လှမ်းပွေ့ဖက်ကာ ထိန်းပေးလိုက်သောကြောင့် အောက်ထိ ပြိုလဲကျမသွားခြင်း ဖြစ်သည်။

ဒါပေမဲ့ မတတ်နိုင်ပါ။ သူမရဲ့ လက်များက ဆန်းသစ်စရဲ့ ပါးပြင်ထက်သို့ ရောက်သွားခဲ့ပြီး ဖြစ်သည်။

''ဟာ မင်း မင်း အဲဒါ ဘယ်လိုလုပ်လိုက်တာလဲ၊ ရိုင်းလှချည် လား''

''ဟုတ်တယ် ချစ်ခွန်းချိုအကြောင်းတွေကို မသိသေးရင် နင် စုံစမ်းထားလိုက်ဦး''

''တော်တော် မိုက်ရိုင်းတဲ့ မိန်းမကွာ''

''အေး ငါ ရိုင်းတယ်ဆိုတာလည်း နင့်အပြုအမူတွေကြောင့် ရိုင်းရတာ ဟဲ့''

''အဲဒါကြောင့်လည်း ချစ်ခွန်းချိုဆိုတာ ရုပ်လေးချောသ လောက် အပြောအဆို သိပ်ရိုင်းတယ်လို့ လူတွေက ပြောကြတာကိုး''

''ဘာ''

သူမ လက်တစ်ဖက်က မြောက်တက်သွား၏ ။ သို့သော် ဆန်း သစ်စက

ထိုလက်ကို လေထဲမှာသာ ရပ်တန့်သွားအောင် ဖမ်းဆုပ်ကိုင် လိုက်သောကြောင့် သူမ ရည်ရွယ်ချက်တို့ မအောင်မြင်နိုင်ဘဲ ဖြစ်သွား သည်။ ဆန်းသစ်စ လက်ထဲတွင် နာကျင်လာသော သူမ၏ လက်လေးကို ရုန်းကြည့်ပါသော်လည်း ဘယ်လိုမှ ရုန်းမထွက်နိုင်ဘဲ ဖြစ်နေသည်။

တင်းကျပ်နေအောင် ဖိကိုင်ထားသော လက်ချောင်းများ အတွင်းမှာ ခွန်းချိုရဲ့ လက်လေးတောင် ကြေမွသွားတော့မလား ထင်လာ မိ၏ ။

''အဲဒီ လက်ကို လွှတ်ပေးလိုက်ပါ''

အနားတွင် ကပ်ကာ ထွက်လာသော ကြည်လင်ပြတ်သားသည့် အသံကြောင့် သူမရော ဆန်းသစ်စပါ ပြိုင်တူ လှည့်ကြည့်လိုက်မိ၏ ။ ခွန်းချို ဘယ်လိုမှ မထင်မှတ်ထားပါသော သူ ဖြစ်နေသည်။

''မင်းက ဘယ်သူလဲ''

''ငါ ဘယ်သူလဲဆိုတာထက် အဲဒီ လက်ကို အရင်လွှတ်လိုက် ပါ''

''မလွှတ်နိုင်ဘူးကွာ၊ ဘာလဲ မင်းက အချစ်ရုပ်ရှင်တွေထဲကလို ဟီးရိုးဝင်လုပ်ချင်တာလား''

ကေသရာ့လက်တစ်ဖက်က ခွန်းချို လက်ကို ဆုပ်ကိုင်ထား သော ဆန်းသစ်စ၏ လက်များပေါ်သို့ အုပ်ကိုင်ကာ ဆွဲခွာပစ်လိုက်၏ ။ တစ်ချက်ပဲ ဆွဲခွာပစ်လိုက်ရုံနှင့် သူမရဲ့ လက်လေးလည်း လွတ်မြောက် သွားကာ ဆန်းသစ်စရဲ့ လက်လည်း အတော်လေး နာကျင်သွားပုံ ရပါသည်။

သူမ လွတ်မြောက်သွားသည်နှင့် ထိုနေရာမှ အမြန်ဆုံး ထွက် ခွာလာခဲ့သည်။ ကေသရာကလည်း သူမနားမှ ထပ်ချပ်မကွာ လိုက်ပါလာ သည်။

ထိုမြင်ကွင်းကို အစအဆုံး ကြည့်နေသော ဆန်းသစ်စကတော့ တောက်တစ်ချက် ကျယ်လောင်စွာ ခေါက်ပစ်လိုက်၏ ။

''မနေ့ညက သူ့သား ဆန်းသစ်စနဲ့ သမီးရဲ့ ဒရိုင်ဘာနဲ့ ပြဿနာ တက်ကြသေးတယ်ဆို''

''ရှင်''

တကယ့်ကို အံ့သြသွားမိခြင်း ဖြစ်၏။ ဆန်းသစ်စကို ဒီလောက် ကလေးဆန်ဆန် လုပ်လိုက်လိမ့်မည်လို့ သူမ မထင်မှတ်ထားပါ။ အဲဒါဟာ ဘယ်လောက်များ ကလေးဆန်လိုက်သည့် လုပ်ရပ်လဲဆိုတာ ဆန်းသစ်စ ကိုယ်တိုင်တောင် အတွေးမပေါက်ခဲ့ဘူးနှင့် တူပါသည်။

''အဲဒါ တကယ်ပဲလား သမီး''

သူမ မည်သို့ ဖြေရှင်းရပ့်မလဲ။ ကေသရာနဲ့ ဆန်းသစ်စ ပြဿနာ ဖြစ်ခဲ့တယ်ဆိုတာလည်း သူမကြောင့်ပဲလေ။ အဲဒါကို ဒယ်ဒီ သိလျှင် သေချာပေါက် သူမ အနည်းအများတော့ အဆူခံရတော့မည် ဖြစ်၏။

''အဲဒါ တကယ်ဖြစ်ခဲ့တာလားလို့ ဒယ်ဒီ မေးနေတယ်လေ သမီးလေး''

''အဲဒီ အဖြစ်မျိုး တကယ် ဖြစ်ခဲ့ပါတယ် ဒယ်ဒီ၊ ဒါပေမဲ့''

သူမသည် ကေသရာ့ဘက်က တစ်ခုခု ရှေ့နေလိုက်ပေးမိမလို ဖြစ်သွားသော ကိုယ့်စိတ်အား လျင်မြန်စွာပင် ချုပ်ထိန်းလိုက်မိပြန်၏။ ဟင့်အင်း သူမ ကေသရာ့ဘက်ကနေ ဘာကိုမှ ခုခံကာကွယ် ပြောမပေး နိုင်ပါ။

''အင်း ဆက်ပြောလေ သမီး၊ ဒယ်ဒီ နားထောင်နေပါတယ်''

''ဘာမှမဟုတ်တော့ပါဘူး ဒယ်ဒီ၊ ကေသရာနဲ့ ဆန်းသစ်စတို့ တကယ်ပဲ ပြဿနာ တက်ခဲ့ကြပါတယ်''

ဆန်းသစ်စ ကိုယ်တိုင်ကလည်း ကေသရာနဲ့ သူတို့ ပြဿနာ တက်ကြသည်ဟုသာ ဦးသော်တာကို ပြောပြခဲ့ပုံရ၏။ သူမ နာမည်ကိုတော့ ထည့်ပြောခဲ့သည့်ပုံ မပေါ်ပါ။ အဲဒါကပဲ တစ်မျိုးကောင်းနေသေးတော့ သည်။

ငါ့ကိစ္စတွေ မှန်သမျှကို နင်နဲ့ဘာမှမဆိုင်တဲ့အတွက် မဆိုင်သလိုဘဲ နေပါ''

''ဟုတ်ကဲ့''

သူ ခွန်းချိုနားမှ ပြန်ထွက်ခွာသွားသည်။ ခွန်းချို စိတ်ထဲမှာ သူနဲ့ပတ်သက်ပြီးတော့ မတင်မကျလေး ဖြစ်ကျန်ခဲ့၏ ။

သူဟာ ဘယ်လိုလူစားလဲ။ သူမဆီကို ချဉ်းကပ်လာခြင်းဟာ များပြားလှစွာသော အခွင့်အရေးတွေကြောင့်လား။ သူတို့လို လူတန်းစား တွေက ပိုက်ဆံရမယ်ဆို ဘာမဆိုလုပ်ဖို့ ဝန်လေးတတ်ကြသူများ မဟုတ်။ ခွန်းချို ရင်ထဲတွင် သူနှင့်ပတ်သက်ပြီးတော့ မေးခွန်းပေါင်းများစွာ ရှိနေ သည်။

သူ့ကို သူမနားမှာ ခေါ်ထားရသော်လည်း တကယ်တမ်းမှာ ရာနှုန်းပြည့် စိတ်ချမှုမျိုးနှင့်တော့ မဟုတ်ခဲ့။ ခွန်းချိုဘက်က သူ့ကို မကျေနပ်သလို သူကလည်း ခွန်းချိုကို အနီးကပ် ရန်လုပ်ချင်လို့ အလုပ် ဝင်လာခဲ့တာလို့ပဲ မြင်နေခဲ့သည်။

ဒါပေမဲ့ ခုချိန်ထိတော့ သူ့ဘက်က ခွန်းချိုကို ထိခိုက်နစ်နာစေ မည့်ကိစ္စမျိုးတွေ ဘာမှမလုပ်ခဲ့သေးပါ။ သူမကသာ သူ စိတ်မတိုတိုအောင် ရန်သွားသွား စမိနေခြင်း ဖြစ်သည်။

ဟူး သူ့စိတ်ကို နားလည်ရန်မှာ တော်တော်လေး ခက်ခဲမည့် ပုံပါပဲ။

*

သူမသည် ဂစ်တာတီးတတ်သူများကို မြင်လျှင် အလွန်အားကျတတ်မြဲ ဖြစ်၏ ။

''အဲဒါဆိုရင် ကျွန်တော့်အခန်းထဲမှာ တီးမယ်ဆိုရင်တော့ အဆင်ပြေမယ်နဲ့ တူတယ်နော်''

သူသည် ခွန်းချိုအား နည်းနည်းမှ အလျှော့မပေးခဲ့ပါ။ ဒယ်ဒီ နှင့် နေ့လယ်က ဖုန်းပြောဖြစ်တုန်းကလည်း သူ့ကို လစာတစ်ဝက် ဖြတ်ပစ်လောက်ရုံ အပြစ်ပေးခဲ့ခြင်းအား ဦးသော်တာတို့ဘက်က သိပ် မကျေနပ်ကြဘူးဟု ပြောပြနေသေးသည်။

''ကျွန်တော် ပြောတာကို ကြားရဲ့လား မသိဘူး''

သတိလက်လွတ်သလို ဖြစ်နေမိသော သူမ မျက်နှာအား သူ့ ခေါင်းကို အနည်းငယ် ငုံ့ကိုင်းကာ သူမ မျက်လုံးများအား စေ့စေ့ စိုက်ကြည့်လျက် မေးလိုက်ခြင်း ဖြစ်သည်။

''ငါ မကြားရင် ပြီးတာပဲ''

သူမ ရုတ်ခနဲ လှည့်ထွက်ရန် ပြင်လိုက်၏ ။ သို့သော် သူက သူမ လက်မောင်းသားလေး တစ်ဖက်အား ဖမ်းဆွဲထားလိုက်သည်။ ရုတ်တရက်မို့ လန့်လည်းလန့်သွားမိကာ ဒေါသလည်း ထွက်သွားရ၏ ။

''နင် နင် အဲဒါ ဘာလုပ်တာလဲ''

သူက ဒေါသတွေနှင့် နီရဲတွတ်နေမည်ဖြစ်သော ခွန်းချို မျက်နှာ လေးကို မကြည့်ပါဘဲ ခွန်းချိုရှေ့ ကြမ်းပြင်ဆီသို့သာ မျက်စပစ်ပြလိုက် ၏ ။ မှောင်နေသောကြောင့် လန့်လည်း လန့်သွားမိကာ ဒေါသလည်း ထွက်သွားရ၏ ။

''ခလုတ်တိုက်မှာစိုးလို့''

သူ့အသံတွင် လှောင်ပြောင်လိုက်သံ မပါ။ စနောက်လိုက်သည့် အနေအထားမျိုးလည်း မဟုတ်။ ပကတိ တည်ငြိမ်သော အသံဖြစ်၏ ။ သူမပင်

ပြန်ဝင်ခဲ့မိသည်။ ဘယ်သူ့မျက်နှာကိုမှလည်း ပြန်မကြည့်မိတော့ပါ။

အခန်းထဲရောက်သည်နှင့် တုန်ယင်နေသော ရင်ဘတ်အစုံကို ငြိမ်သက်သွားစေရန် လက်နှစ်ဖက်နှင့် မရမက ဖိထားလိုက်မိပြီး မွေ့ရာ ထက် လှဲချပစ်လိုက်မိသည်။ မျက်လုံးများကို စုံမှိတ်ထားလိုက်မိ၏ ။ မျက်လုံးများထဲတွင် ဘယ်လိုမှကို မယုံကြည်နိုင်သော အကြည့်များဖြင့် ခွန်းချိုကို ငေးကြည့်နေသော စူးရှသည့် မျက်ဝန်းတစ်စုံအား မြင်ယောင် နေမိ၏ ။

သူမ မှားသွားပြီလား၊ ဟင့်အင်း ဘာလို့ မှားရမှာလဲ။ သူ့ ကြောင့် ခွန်းချိုကို ဆန်းသစ်စက ထိုသို့ ပြောရဲခဲ့ခြင်း မဟုတ်လား။

အဲဒီ ညက ဟိုတယ်ရှေ့မှာ သူသာ ဝင်မပါခဲ့ရင် ဒီနေ့လို အခြေ အနေမျိုးတွေ ဖြစ်လာစရာ အကြောင်းမှ မရှိဘဲ၊ ဒါပေမဲ့လည်း ထိုညက ကေသရာသာ ဝင်မပါခဲ့ရင် ခွန်းချိုသည် ဆန်းသစ်စ လက်ထဲကနေ ရုန်းထွက်မရပါဘဲ ပိုလို့တောင် အရှက်ကွဲရဦးမည် ဖြစ်၏ ။

အို သူမ ဘာလို့ အမှန်လို့ ယူဆရမှာလဲ။ ဒါပေမဲ့ ဘယ်ဖြစ်ရပ် ကပဲ မှန်သည်ဖြစ်စေ မှားသည်ဖြစ်စေ ဖြစ်ပျက်တာတွေကတော့ ဖြစ်ပျက် ပြီးသွားခဲ့ပြီ။ ပြန်ပြင်လို့လည်း မရတော့ပါ။ လောလောလတ်လတ် ဖြစ် ခဲ့တာတွေကိုပင် မှန်သလား၊ မှားသလားလို့ ဆုံးဖြတ်နိုင်သည့် အင်အား သူမမှာ မရှိပါ။

မှားနေတယ်ဆိုရင်လည်း သူမကတော့ ဂရုစိုက်နေမှာမဟုတ်။ အရာအားလုံးသည် မှားမှားမှန်မှန် သူမ သဘောအတိုင်းသာ ဖြစ်ရမည် ဖြစ်သည်။ ဒါဟာ သူမ ငယ်ငယ်တည်းက ကျင့်သုံးလာခဲ့သည့် ခံယူချက် စစ်စစ်။

ထိုနေ့တစ်နေ့လုံး ဘယ်မှမသွားဖြစ်သောကြောင့် ကေသရာ့ ကိုလည်း ထပ်မတွေ့ရတော့ပါ။ ညဘက်တွင် အိပ်မပျော်၍ ခြံထဲဆင်း ထိုင်မိတော့လည်း ကေသရာ့ ဂစ်တာသံကို မကြားရတော့ပါ။

သူ့ဒဏ်ရာက နာကျင်နေ၍ များလား၊ မဖြစ်နိုင်ပါဘူးလေ၊ သူ့

အခန်းလေးထဲမှာပဲ ခွန်းချို မကြားအောင် တီးချင်တီးနေနိုင်သည်။ ဟိုတစ်ညက သူ့ဂစ်တာသံကို ပြန်ကြားယောင်မိသည်။ အပျော်တမ်း အဆင့်ထက်တော့ လက်ရည်သာတာ ခန့်မှန်းလို့ ရ၏ ။

ဒါပေမဲ့ သူ တီးခတ်သီဆိုနေခဲ့သည့် သီချင်းကိုတော့ ခွန်းချို မကြိုက်ပါ။ 'သနပ်ခါးချစ်သူ'ဆိုတဲ့ သီချင်းလေ၊ အဲဒီ သီချင်းက သနပ်ခါး အမြဲလိမ်းကာ နက်မှောင်သော ဆံပင်များနှင့် ဒေါသမရှိ သိမ်မွေ့သော မိန်းကလေး တစ်ယောက်အကြောင်းကို ရေးဖွဲ့ထားတာ မဟုတ်လား။

သူကတော့ ထိုသီချင်းကို မြတ်မြတ်နိုးနိုးနှင့် တကယ့်ကို မုဒ် အပြည့် သီဆိုနေသော အသံမျိုးဖြစ်၏ ။ သူတို့ပတ်ဝန်းကျင်မှာတော့ အဲဒီ လို မိန်းကလေးမျိုးတွေကို တွေ့နိုင်သားပဲလေ။ သူ့မှာလည်း အဲဒီ လို မိန်းကလေးတစ်ယောက်ကို ပိုင်ဆိုင်ထားခြင်းမျိုးပင် ဖြစ်ကောင်းဖြစ်နေ နိုင်ပါသည်။

ပိုင်ဆိုင်ထားတော့ရော ဘာဖြစ်လဲ၊ အဲဒါဟာ ခွန်းချိုနဲ့ ဘာဆိုင် သလဲ၊ ခွန်းချို ဖြစ်ချင်တာက လောကမှာ ဘယ်သူမှ ခွန်းတုံ့ပြန်ပြီး အော်ကြီးဟစ်ကျယ် လုပ်ခြင်း မခံခဲ့ရဘူးသော ခွန်းချိုကို စော်ကားခဲ့သူ သည် ကေသရာဆိုသည့်သူက ပထမဆုံး ဖြစ်၏ ။

ထို့ကြောင့် အဲဒီ လူကို ကလဲ့စားချေသည့်အနေနှင့် သူမ လက် အောက်မှာ အလုပ်ဝင်စေခဲ့၏ ။ သူမကို ပြန်မအော်ဟစ်ရဲဘဲ အပိုးကျိုး နေစေချင်ခဲ့၏ ။ ခုရော သူမ ဖြစ်ချင်တာတွေ ဖြစ်နေရဲ့လား၊ သူဟာ သူမ လက်အောက်မှာ ရိုကျိုးစွာ နေနေရဲ့လား။

ခုချိန်ထိတော့ သူမ ဖြစ်ချင်သည့်အတိုင်း တသဝေမတိမ်း ဖြစ်မလာသေးပါ။ အလွဲလွဲအချော်ချော်နှင့်ပင် သူမ တစ်သက်တာမှာ ကိုယ့်ကိုယ်ကို မှားသွားလားဟု ဘယ်တုန်းကမှ ပြန်မတွေးခဲ့ဖူးပေမယ့် ခုတော့ သူ့ကြောင့် ထိုသို့

''အရင်က သူ သွားရင် ဘယ်နှနာရီလောက် ကြာလဲ''

''နှစ်နာရီလောက်တော့ ကြာပါတယ် မမလေး''

''အေး ဒါဆိုလည်း ကားဂိုဒေါင်တံခါး ဖွင့်ထား၊ ငါကိုယ်တိုင် မောင်းမယ်''

''မမလေး ဖြစ်ရဲ့လား''

''ငါက ဘာလို့မဖြစ်ရမှာလဲ''

''မမလေး ကားမောင်းရင်းနဲ့ စိတ်တွေပြန်ပြီး ကယောက် ကယက် ဖြစ်နေမှာစိုးလို့ပါ''

''ရတယ် ဂိုဒေါင်တံခါးသာ ဖွင့်ထားလိုက်''

အခန်းထဲ ပြန်ဝင်ပြီး ရေမိုးချိုး အဝတ်အစားလဲခြင်းကို ခပ် မြန်မြန်လေး လုပ်လိုက်သည်။ ဒယ်ဒီ ကုမ္ပဏီသွားရင် စီးသော မတ်ခ်တူး အလုံးလေးကို ထုတ်စီးလိုက်၏။ ထိုကားလေးကို သူမ ကားမောင်းတတ် စဉ်က အရင်ဆုံး မောင်းခဲ့ရခြင်းမို့ တော်တော်လေးလည်း အကျွမ်းတဝင် ရှိလှသည်။

ဆေးရုံရှေ့တွင် ကားကို ထိုးရပ်ပြီးသည်နှင့် မျက်မှန်လေးကို ထုတ်တပ်လိုက်သည်။ ဂျင်းပင်ရှည် ပြာလွင်လွင်လေးနှင့် တီရှပ်အဖြူ ရောင်ကို အောက်လေဒီရှူး အပါးလေးနှင့် ရိုးရှင်းစွာပင် တွဲဖက်ဝတ်ဆင် ခဲ့သော်လည်း လူတွေကတော့ သူမကို သမင်လည်ပြန် ငေးကြည့်နေကြ သည်။

သူမကလည်း ခပ်တည်တည်ပင် ဆေးရုံပထမထပ်သို့ ဗွီအိုင်ပီ ဓာတ်လှေကားမှတစ်ဆင့် တက်လာခဲ့သည်။ ဒီဆေးရုံတွင်လည်း ဒယ်ဒီ့ ရှယ်ယာများ ပါဝင်ထားသည်မို့ သူမကို ဆေးရုံဝန်ထမ်းများကတော့ မျက်မှန်းတန်းမိနေကြပါသည်။

လူနာခန်းထဲ ဝင်လိုက်သည်နှင့် ခုတင်ပေါ်တွင် ပက်လက်လှဲ ကာ

